ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏
စက်တင်ဘာ ၁၈ ရက်နေ့ ဆောင်ရွက်မှုများ

ရုရှားဖက်ဒရေးရှင်နိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်သူ ကိုယ်စားလှယ်အဖြစ် ရောက်ရှိနေသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇာနည်မော်ဝင်း၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း တို့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ၁၂၀၀ နာရီမှ ၁၅၀၀ နာရီထိ ကျင်းပသည့် “လှိုင်းကြီးလေထန် ကာလများအတွင်းမှ ရွေးကောက်ပွဲများ” (Elections in Times of Turbulence) အမည်ဖြင့် ကျင်းပသော နိုင်ငံတကာ ကွန်ဖရန့်သို့ တက်ရောက်ခဲ့ကြသည်။ အဖွင့်အမှာစကားတွင် ရုရှားရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ Mrs. Ella Pamfilova မှ ဒူးမားလွှတ်တော်အမတ်များ ရွေးချယ်မည့် ရွေးကောက်ပွဲအစီအစဉ်များ နှင့် ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကို နိုင်ငံတကာမှ စောင့်ကြည့်ရေး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ ယခုရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံမှ ကိုယ်စားလှယ်ဦးရေ ၁၁၂၆ ဦး တက်ရောက်ကြပြီး ၈ နိုင်ငံမှ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌများအပါအဝင် ကိုယ်စားလှယ်များက မိမိတို့နိုင်ငံအလိုက် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့် အတွေ့အကြုံများကို မျှဝေဆွေးနွေးခဲ့ကြပါသည်။ ညနေပိုင်းတွင် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက Zaryadye Moscow Concert Hall ခန်းမ တွင် ဧည့်ခံဖျော်ဖြေသည့် ရုရှားရိုးရာအကပဒေသာနှင့် တေးဂီတများအား ကြည့်ရှုအားပေးခဲ့ပြီး Zaryadye Bar ၌ ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။